# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၇ / ၂၀၂၄

၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

( ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် )

## မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေမူကြမ်းရေးဆွဲရေး ဦးဆောင်ကော်မတီ ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေကို နိုင်ငံတကာအဆင့်မီရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် **"မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေမူကြမ်းရေးဆွဲရေး ဦးဆောင်ကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ည) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ<br>ချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယဌာနချုပ်မှူး<br>ရေဝေတီရေတပ်စခန်းဌာနချုပ်<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) | အဖွဲ့ဝင် |
| (ဒ) | ဦးစီးမိုလ်မှူးကြီး(စစ်ထောက်)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) | အဖွဲ့ဝင် |
| (ဓ) | ဌာနမှူး<br>စည်းမျဉ်းနှင့်ဥပဒေပြုစုရေးဌာနမှူးရုံး<br>စစ်ရေးချုပ်ရုံး | အဖွဲ့ဝင် |
| (န) | ဒုတိယစစ်ဥပဒေချုပ်<br>စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (ပ) | ညွှန်ကြားရေးမှူးချုပ်<br>ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်<br>ကာကွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဖ) | အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေမူကြမ်းရေးဆွဲရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ထုတ်ပြန်ထားသည့် ဥပဒေမူကြမ်းရေးဆွဲရေး လမ်းညွှန်ချက်ပါ အသေးစိတ်အခြေခံရမည့်မူများ၊ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်းမရှိစေသည့် ဥပဒေကြောင်းနှင့်ကိုက်ညီသော အသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသို စသည်တို့နှင့်အညီ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေမူကြမ်းရေးဆွဲရေးလုပ်ငန်းကော်မတီ မှ ရေးဆွဲနိုင်စေရေး ကြီးကြပ်လမ်းညွှန်ပေးရန်၊

(ခ) မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေမူကြမ်း ရေးဆွဲနိုင်ရေးအတွက် လိုအပ်သည့် ကော်မတီများ၊ အဖွဲ့များဖွဲ့စည်း၍ ဆောင်ရွက်သွားရန်၊

(ဂ) ဦးဆောင်ကော်မတီအစည်းအဝေးများကို အခါအားလျော်စွာ ခေါ်ယူကျင်းပပေးရန်၊

(ဃ) ဦးဆောင်ကော်မတီသည် တည်ဆဲဥပဒေများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို လေးစားလိုက်နာဆောင်ရွက်ရန်၊

(င) ဦးဆောင်ကော်မတီသည် ဥပဒေမူကြမ်းရေးဆွဲရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ကုန်ကျမည့်ကုန်ကျစရိတ်များကို ကာကွယ်ရေးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းမှ ကျခံရမည်။ ယင်းကုန်ကျစရိတ်များကို သုံးစွဲရာတွင် သတ်မှတ်ထားသည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲရန်၊

(စ) ဦးဆောင်ကော်မတီသည် ဥပဒေမူကြမ်းရေးဆွဲရေး လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် ပညာရပ်ပိုင်းဆိုင်ရာ အထောက်အကူပြုသူများကို သက်ဆိုင်ရာဝန်ကြီးဌာန/ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများထံမှ ရယူဆောင်ရွက်ရန်၊

(ဆ) ဦးဆောင်ကော်မတီ၏ အဖွဲ့ဝင်များသည် ဥပဒေမူကြမ်းရေးဆွဲရေးနှင့်ပတ်သက်သော လျှို့ဝှက်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ဇ) မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဥပဒေမူကြမ်းရေးဆွဲရေးလုပ်ငန်းကော်မတီမှ တင်ပြလာသည့် ဥပဒေမူကြမ်းအား စိစစ်/တည်းဖြတ်ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ဥပဒေများပြန်လည်စိစစ်ရေးဆွဲရေးအဖွဲ့ထံသို့ ဆက်လက်တင်ပြရန်၊

(ဈ) အဆင့်ဆင့်စိစစ်တည်းဖြတ်ပြီးသည့် ဥပဒေမူကြမ်းအား ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူရန်၊

(ည) ဦးဆောင်ကော်မတီသည် မိမိအားအပ်နှင်းထားသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ပြီးသည့်အခါ အပြီးသတ်အစီရင်ခံစာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးသို့ တင်ပြရန်။

၃။ ဥပဒေမူကြမ်းအား ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းပြီးချိန်တွင် ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်ပြီးဆုံးသည်။

၄။ "မှု" အရ ဆုံးဖြတ်ခြင်းမပြုနိုင်သောကိစ္စများ ပေါ်ပေါက်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးသို့ တင်ပြဆောင်ရွက်ရန်ဖြစ်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ